
# ခင်သန္တာ

## ဆောင်းခိုငှက်၏ သိုက်မြုံတမ်းချင်းနှင့်

မဂ္ဂဇင်းဝတ္ထုရှည်များစုစည်းမှု





# ၉၆ မှတ်တမ်း

## (၁)

"ကျန်းမာခြင်းသည် လာဘ်တစ်ပါး" ဖြစ်ကြောင်း ကျွန်မ ကောင်းစွာ သိရှိလက်ခံမိချိန်သည် ၁၉၉၆ ခုနှစ် ဝန်းကျင်က ဖြစ်ပါသည် ။ ကျွန်မန ှင့် ကျွန်မ၏ ဖခင်တို့ အလုပ်တာဝန်ဖြင့် ဌာနတွင်း စစ် ဆေးရေးအဖွဲ့နှင့် အတူ နယ်မြို့လေးတစ်ခုသို့ ရောက်နေချိန်တွင် ကျွန်မအမေကို မြန်မာ ဆေးမတည့်၍ ဆေးရုံသို့ ပို့လိုက်ရကြောင်း ရုံးချုပ်မှ ဖုန်းဆက်အကြော င်းကြားလာပါသည် ။ ဆေးရုံတင်လိုက်ရ သည် ဆို၍ အခြေအနေမ ကောင်းကြောင်း သိသော်လည်း ရန်ကုန်သို့ပြန်ရောက် လာပြီး အမေ့ကိုမြင် လိုက်ရချိန်တွင် မှ အခြေအနေမည်မျှဆိုးနေကြောင်း သိရ တော့သည် ။ အမေ့ နှုတ်ခမ်းပတ်လည်တွင် ပေါ်လာသော အက်ကြောင်းများမှ သွေးများ ယိုစီးကျနေသည် ။ မျက်လုံးနှစ်ဖက်စလုံး မှာ လည်း အလင်းကွယ်လျက် ရှိနေသည် ။ ကျွန်မ အစ်ကိုအကြီး၏ အစိုးရိမ်လွန်မှုနှင့် တခြားဆေးရုံတစ်ခု၏ သွေးအေးမှုတို့ ပေါင်းစပ်လို က်သောကြောင့် အမေသည် "သျှင်ပါကူ"ဆေးရုံသို့ တက်ဖြစ်သွားခြင်းဖြ စ် သည် ။

အမေသည် သွေးဆုံးခါနီးအချိန်ဖြစ်နေ၍ နာမည်ကြီး သွေးဆေးတို က်ကြီးတစ်ခုမှ သွေးညှိ ဆေးကိုသောက်လိုက်သည် ။ ထို့နောက်ဆယ်မိ နစ်ခန့်အကြာတွင် နှာစေးနေသည် ဟု ဆိုကာ ဘာမီတွန် ကိုသောက်လို က်ပြီးမိနစ်နှစ်ဆယ်ခန့် အကြာတွင် ထိုသို့ ဖြစ်သွားခြင်းဖြစ်သည် ဟု အ

တူနေကျွန်မ၏ ယောက်မ (အစ်ကိုကြီး၏ ဇနီး) က ဆရာဝန်များကို ပြောပြသည် ။ ကျွန်မတို့ က အင်္ဂလိပ်ဆေးနှင့် မြန်မာဆေးမတည့်၍ ထိုသို့ဖြစ်သည် ဟု ထင်သော်လည်း ဆရာဝန်များက ဘာမီတွန်သောက်လိုက်၍ ဖြေဆေးလိုဖြစ်သွားပြီး အသက် မသေရခြင်းဖြစ်သည် ဟု ကျွန်မတို့ ကို ရှင်းပြသည် ။ အမေသည် စ ကားမပြောနိုင်၊ မျက်စိ မမြင်နိုင်သော်လည်း သတိလစ်ခြင်းမရှိ အားလုံးကို သိနေသည် ။ 'သျှင်ပါကူ' ဆေးရုံသည် အမေ့ကိုလက်ခံထားလိုက်သော်လည်း ဆရာဝန်များက ဘာအရင်လုပ်ရမည်ကို စဉ်းစား နေဆဲဖြစ်ပါသည် ။ တိုက်တိုက်ဆိုင်ဆိုင် ထိုရက်များ တွင် အမေနှင့် ပုံစံတူဆေးမတည့်သူ အမျိုးသမီး နှစ်ဦး ' သျှင်ပါကူ' ဆေးရုံသို့ ထပ်ရောက်လာသောအခါ ဆေးရုံမှ တာဝန်ရှိ ဆရာဝန်ကြီးများကလက် မခံတော့ဘဲအရင်ရောက်နှင့်သော အမေ့ကိုသာ ရအောင်ကယ်ဖို့ ကြိုးစားကြတော့သည် ။ အဆိုတော် ဇော်ဝင်းထွဋ်၏ အဖေသည် ကိုယ်တိုင်ဆရာဝန်ဖြစ်ပြီးဆေးမတည့်၍ သေဆုံးခဲ့သည် ဟု သိရသောအ ခါကျွန်မတို့ မိသားစုမှာ ဆောက်တည်ရာမရဖြစ်နေကြသည် ။

ဆေးရုံရောက်ပြီး နှစ်ရက်မြောက်နေ့တွင် အမေ့တစ်ကိုယ်လုံးတွင် အပ်ချစရာ နေရာလပ်ပင် မရှိအောင် မီးလောင်ဖုလို အနာများ ထွက်လာတော့သည် ။ ခေါင်းတစ်ခုလုံးတွင် လည်း အနာများ ဖြင့် ပွစာတက်နေပြီး ဆံပင်များမှာ စေးထန်စေးကပ်နေသည် ။ အဖေကိုယ်တိုင် အမေ့ကို ကတုံးတုံးပေး လိုက်ရသည် ။ ခြေသည်းခွံ၊ လက်သည်းခွံများမှာ လည်း အရင်းမှ ကွာထလာကြသည် ။ အမေ့ကို ဘယ် လိုအရင်စကုကြမလဲ ဟု ဆရာဝန်များ အဖြေရှာနေချိန်တွင် ကျွန်မအဖေသည် ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုချင်းစီအလိုက်ကျွမ်းကျင်သူ အထူးကု ဆရာဝန်များ နှင့် ပြသကြည့်လျှင် ကောင်းမည်ဟု အတွေးရကာဆေးရုံမှ တာဝန်ရှိဆရာဝ

န်ကြီးများ နှင့် တိုင်ပင်သော် အဖေ့သဘောအတိုင်း ဆုံးဖြတ်လိုက်ကြသည်။ အရေပြား အထူးကုဆရာဝန်က ခန္ဓာကိုယ် ပြင်ပ အရေပြားပေါ်တွင် တွေ့ရသောအနာများကြောင့်တော့ အမေ့အသက် မသေနိုင်ဟု ဆိုသည်။ သားဖွားနှင့်မီးယပ်အထူးကု ဆရာဝန်မကြီးက သားအိမ်ကို မထိပါဟု ပြောသည် ။ အစာအိမ်အူလမ်းကြောင်းတစ်လျှောက် အနားများ တွေ့ရသော်လည်း ကုသလို့ ရနိုင်သည် ။ ထိုအနာများကြောင့်တော့ လူနာမသေနိုင်ဟု အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရအထူးကုဆရာဝန်ကြီးက ကောက်ချက်ချသည် ။ မျက်စိအထူးကု ဆရာဝန်ကြီးက မျက်စိစမ်းသပ်ရန် အမေ့မျက်ခွံကို လက်ဖြင့်ဖွင့်လိုက်ချိန်တွင် မျက်ခွံမှ အရေပြားသည် ပွန်းပဲ့စုတ်ပြဲ သွားသည် ။ မျက်စိအထူးကုကလည်း ယခု မျက်စိကွယ်နေခြင်းသည် ခေတ္တမျှသာ ဖြစ်နိုင်သည် ဟု ဆို သောကြောင့်အမေ့ကိုသက်ဆိုင်ရာ အထူးကုများက မိမိတို့ ကျွမ်းကျင်ရာ အစိတ်အပိုင်းအလိုက်အသီး သီးကုဖို့ ဆုံးဖြတ်လိုက်ကြသည်။

ဆေးကုသရန်အတွက် လိုအပ်သည် များကို ဆေးစစ်နေချိန်တွင် အမေသည် ဓာတ်မှန်ခန်းနှင့် အီးစီဂျီအခန်းသို့ ဘီးတပ်ကုလားထိုင်ဖြင့် အကြိမ်ကြိမ်သွားရသည် ။ ထိုအခန်းများ သို့သွားရန် သျှင် ပါကူဆေးရုံ၏ ပင်မအလယ်ခန်းမကိုဖြတ်ရသည် ။ ထိုအခါ ပြင်ပလူနာများ ရောဆေးရုံတွင် လာစောင့် နေကြသည့်လူနာစောင့်များ ပါ အမေ့ကို ကြောက်လန့်တကြား ကြည့်ကြသည် ။ ဘီးတပ်ကုလားထိုင် ပေါ်မှ အမေ့သွင်ပြင်သည် မီးလောင်ခံထားရသည့် သစ်ငုတ်တိုနှင့် အလားသဏ္ဍာန်တူနေပါသည် ။ တ ချို့ အနီ၊ အပြာဝတ် နာစ့်မလေးများ နှင့် ဆရာဝန်ပေါက်စလေးများ ပါ အံ့ဩတကြီးလိုက်ကြည့်ကြ သည် ။ အမေ့ကိုယ်ပေါ်တွင် အနာများ တွင် တစ်ရက်ထက်တစ်ရက်ပိုထွက်လာကြသည်

။ ဆရာဝန် များက ဆေးအရှိန်ကုန်သည် အထိတစ်ကိုယ်လုံး အနာများ ထွက်လိုက်လျှင်ကောင်းသွားမှာ ပါဟု ဆို ကြသည် ။ တကယ်လည်း ခြေဖဝါးရော လက်ဖဝါးပါမကျန် တစ်ကိုယ်လုံး စုံသွားသောအခါမှ အနာများ ထပ်မထွက်တော့ဘဲ ရပ်သွားတော့သည် ။ အမေ့ကိုဂလူးကိုစ့်နှင့် လိုအပ်သည့်ဆေးများ သွင်းရန် အကြောရှာရချိန်တွင် အဓိကပြဿနာကို တွေ့ပါတော့သည် ။ ဆေးသွင်းရန် အကြောကို ခက်ခက်ခဲ ခဲရှာပြီးချိန်တွင် ဆေးဝင်စပဲ ရှိသေးသည် swelling လိုက်သည် ဟု ဆိုကာအပ်ပြန်နုတ်ရသည် ။ တ ကယ်တော့ swelling လိုက်ခြင်းမဟုတ်အနာဖေးများက butterfly အပ်ပေါက်ဝတွင် ပိတ်ဆို့နေကြ ခြင်းဖြစ်သည် ။ တစ်ကြိမ်နေရာပြောင်း၍ ရှာရပြန်သည် ။ ကိုယ်အပူချိန်များမှာ လည်း ကြောက်စရာ ကောင်းလောက်အောင် တက်သည် ။ အမေ့ကိုယ်ပူချိန်သည် တစ်ရာ့လေး ငါး၊ ခြောက်ထိအောင်တက် သည် ။ ကျွန်မ ထိုအသက်အရွယ်ရောက်သည် အထိ လူတစ်ယောက်၏ ကိုယ်ပူရှိန်ထိုမျှအထိ ရှိသည် ကိုမတွေ့ဖူးခဲ့ပါ။

အမေသည် ညရှစ်နာရီလောက်တွင် ကိုယ်ပူရှိန် စတက်တတ်သည် ။ နေ၍ ရလောက်သေးသည် ဟု လျှော့တွေးပြီး ထိုအချိန်တွင် ရေခဲဝတ်မ အုပ်လိုက်မိလျှင် တစ်ညလုံး အဖေ၊ ကျွန်မနှင့် ညတာဝန် ကျဆရာမလေးတို့ သုံးယောက်စလုံး လက်တွင် အမည်းကွက်များ နှင့် သွေးခြည်များ ဥသည် ထိရေခဲ ဝတ်တင်ကြရသည် ။ သို့သော် အမေ့ အပူရှိန်ကတော့ တော်တော်နှင့်ပြန်မကျတတ်။ နိုဝင်ဘာလဖြစ်ပြီး လေအေးစက် အပြည့်ပေးထားသော အခန်းထဲတွင် အမေကလွဲ၍ ကျွန်မတို့ အားလုံး ချွေးဒီးဒီးကျသည် အထိ အမေ့ကိုယ်ပူရှိန်ကို ရေခဲဝတ်တိုက်ကြရသည် ။ တစ်ခါတစ်ခါ အမေသည် အသက်ရှူ၍ မဝတော့သလိုဖြစ်ပြီး အောက်ဆီဂျင်ပေးရသည့် အခါများ လည်း ရှိသည် ။ ထိုအခါမျိုးတွင် သ

က်ဆိုင်ရာ ကောင်တာကို အကြောင်းကြားရပြီး တာဝန်ကျ ဆရာဝန်များက အောက်ဆီဂျင်ပိုက် လာတပ်ပေးကြသည် ။ တစ်ခါတစ်ရံလည်း ဆောက်ဆီဂျင်ပိုက် လိုသောအချိန် ကောင်တာတွင် အောက်ဆီဂျင်ဘူးများ ကုန်နေသောအခါများ ရှိတတ်သည် ။ ထိုအခါ ကျွန်မမှာ စိုးရိမ်လွန်းပြီး ဘာလုပ်၍ ဘာကိုင်ရမည်မှန်း မသိတော့ပါ။ နောက်အခါ ထိုသို့မဖြစ်ရလေအောင် အောက်ဆီဂျင်ဘူးကို လိုလိုမည်မည် အမေ့ခန်းထဲ သို့ ယူထားလိုက်တော့သည် ။ ၁၉၉၆ ခုနှစ်ဝန်းကျင်က အောက်ဆီဂျင်ဘူးတစ်ကြိမ် အသုံးပြုခသည် ထောင့်ငါးရာ ရှိပါသည် ။ ထိုခေတ် ထိုအခါအရလည်း ဈေးများ သောနှုန်းထား ဖြစ်ပါသည် ။ အခန်းထဲ ယူထားသည့်အတွက် အသုံးမပြုဖြစ်သော်လည်း အခကြေးငွေကို ရှင်းပေးရပါသည် ။ ဆေးရုံရောက် ပြီး တစ်ဆယ့်ငါးရက်မြောက်သည် အထိ အမေသည် ပါးစပ်မှ စကားမပြောနိုင်သေးပါ။ သို့ပါသော် လည်း ကျွန်မတို့ ပြောသမျှကို အမေက သိနေပါသည် ။ ထို့ကြောင့် ကျွန်မသည် အမေနှင့် ကြိုတင်ညှို ထားရပါသည် ။ အမေအသက်ရှူ၍ မဝသည့်အခါများ တွင် ကျွန်မ၏ လက်ကို ဖျစ်ညှစ်ပြရန်ဖြစ်ပြီး ထို အခါ ကျွန်မက သက်ဆိုင်ရာ ဆရာဝန်များကို ပြေးခေါ်ရန် ဖြစ်ပါသည် ။

အဖေသည် ဆေးရုံသို့ရောက်လာသောနေ့မှ စ၍ အိမ်မပြန်တော့ဘဲ ဆေးရုံတွင် သာနေပါသည် ။ အမေ့အတွက် ယူထားသောအခန်းသည် ဆက်တီခုံ၊ ခုံတန်းရှည်နှင့် ရေချိုးခန်း၊ အိမ်သာ အပြည့်အစုံ ပါ၍ မိသားစုများ နေရန်လည်း သင့်တော်ပါသည် ။ အရေပြားအထူးကု ဆရာဝန်ကြီးက အမေ့အိပ် ရာခင်းကို တစ်နေ့နှစ်ကြိမ်လဲခိုင်းပါသည် ။ အရောင်ကိုလည်း အဖြူရောင်တစ်မျိုးတည်းသာ သုံးရ ပါသည် ။ ဆေးရုံမှ အိပ်ရာခင်း လဲပေးသော်လည်း တခြားလူနာများ နှင့်မတူသော အမေ့ကို ကျွန်မတို့ အိမ်မှ သာအိပ်ရာခင်းလျှော်၊ အိပ်ရာခင်းလဲသောအလုပ်ကို

တာဝန်ယူပါသည် ။ အမေ့တစ်ကိုယ်လုံးကို ဆေးလေးကြိမ် လိမ်းပေးရပါသည် ။ လိမ်းပေးရသောဆေးမှာ လေးမျိုးစပ်လိမ်းရပြီး တစ်ခါလိမ်းလျှင် လေးဘူးစလုံးကုန်ပါသည် ။ ထို့ကြောင့် အမေ့ကို လဲဖယ်ရန်လွယ်ကူသော စပန့်အင်္ကျီလက်ပြတ်လေးများ ဝယ်ဝတ်ပေးရသည် ။ ကျွန်မက ညဘက်တွင် တစ်ညလုံးစောင့်ပြီး မနက်လင်းလျှင် အိမ်ပြန်ပါ သည် ။ ကျွန်မတို့ တွင် မောင်နှမ လေးယောက်ရှိရာ သုံးယောက်မှာ ယောကျ်ားလေးများ ဖြစ်ကြသည် ။ မောင်အလတ်တစ်ယောက်က ပြည်ပရောက်နေပြီး မောင်အငယ်ဆုံးလေးမှာ ငါးတန်းအရွယ်သာရှိသေးသည် ။ အစ်ကိုကြီးက အိမ်ထောင်သည် ဖြစ်ပြီး ထိုအချိန်က ကျွန်မတို့ နှင့်အတူနေပါသည် ။ အစ်ကိုနှင့် ယောက်မတို့ တွင် လေးလအရွယ် သားငယ်လေးတစ်ယောက်ရှိပါသည် ။ ရန်ကုန်တွင် ဆွေမျိုးများ ရှိသော်လည်း တော်တော်များများက အမေ့ကို မရတော့ပါဘူး၊ ပစ်လိုက်ရပြီဟု ဆိုကာ ဆေးရုံတွင် လာငိုပေးဖော်ပဲရကြသည် ။ ကျွန်မသည် ထိုအရွယ်က ဆေးပညာကိုလည်း ကောင်းစွာနားမလည်သေးသော်လည်း အမေ မသေနိုင်သေးဟု ယုံကြည်နေသည် ။

ထို့ကြောင့် အမေ့ကို သေမည်ပြောသော အမျိုးအားလုံးသည် ကျွန်မနှင့် ရန်သူဖြစ်ကုန်ကြ သည် ။ ငိုနေသော အဒေါ်များကို အမေ့အခန်းထဲသို့ကျွန်မ အဝင်မခံတော့ပါ။ အမေသည် သူ့ကိုယ်သူ ပြန်မြင်ရတာမဟုတ်၍ ဘာမှ မသိသေးသည် ကို အမေ့ အစ်မ၊ ညီမများက "အစ်မ ခင်အုံး ရယ်ဘယ်လို ရုပ်ကြီးဖြစ်သွားတာလဲ အဖြစ်ဆိုးလှချည်လားဟု " လာအော်နေတာကို ကျွန်မ ခွင့်မပြုနိုင်ပါ။ ထို့ကြောင့်ပင် အမေနေကောင်း၍ ဆေးရုံကဆင်းပြီးချိန်တွင် အမေ့အမျိုးတော်တော်များများ သည် ကျွန်မကိုကြည့်မရတော့ပါ။ ယောက်မကို ကလေးတစ်ဖက်နှင့်ပင် ဈေးသွားနှင့် ထမင်းဟင်းချက်တာဝန် ပေးထားရပြီး ကျွန်မကတော့ ဆေးရုံမှ ပြန်

လာလျှင် အမေ့အိပ်ရာခင်းများ အပါအဝင် အိမ်သားများ ၏ အဝတ်များကိုလျှော်ရသည် ။ ညနေရောက်လျှင် အဖေ့အတွက် ထမင်းချိုင့်ထည့်ပြီး မနက်က ကျွန်မ လျှော်ထားသော အိပ်ရာခင်းများကိုယူ၍ ဆေးရုံသို့ပြန်သွားရပါသည် ။ တော်သေးသည် ။ နေ့ခင်း ကျွန်မ ခဏအိပ်ချိန်တွင် ယောက်မက အဝတ်များကို မီးပူတိုက်ပေးထားပါသည် ။ အစ်ကိုကြီးက ကား မောင်းတတ်ပြီး အသုံးပြုစရာ အဖေ၏ ရုံးကားရှိနေ၍ သွားရေးလာရေးတော့ အဆင်ပြေပါသည် ။

(၂)

အမေ ဆေးရုံတက်ပြီး ရက်နှစ်ဆယ်မြောက်သောနေ့ ည ဆယ့်တစ်နာရီခွဲအချိန်ခန့်တွင် ဆေး သွင်းရန် အကြောရှာမရဖြစ်ပြန်သည် ။ အမေ့အခန်းထဲတွင် သူနာပြုဆရာမများ ရော ဆရာဝန်ကိုယ် တိုင်ပါ ချွေးပြန်နေကြပြီ။ လက်နှစ်ဖက်စလုံးတွင် ဘယ်လိုမှ အကြောရှာမရသောအခါ ခြေချင်းဝတ် ကို ကြိုးစားကြည့်ကြသည် ။ အမေ့မှာ စကားမပြောနိုင်သေးသော်လည်း ဝေဒနာ နာကျင်လွန်း၍ ပါးစပ်မှ ညည်းညည်းညူညူ အော်ပါသည် ။ "ညည်းနာနေတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီလိုအော်နေရင် ဆရာဝန်က အကြောရှာရပိုခက်မှာ ပေါ့၊ ခဏတော့ သည်းခံပါအေ"ဟု ပြောသော အဖေ့စကားသံ ကြားရပြီးနောက်ပိုင်း အမေ့ခမျာ "တအင်းအင်း" တောင် မညည်းရှာတော့ပါ။ ကျွန်မက ဆရာဝန်အကြောရှာ၍ လွယ်ကူရန် အမေ၏ ခြေချင်းဝတ်အထက်ဘက်ကို ဖိကိုင်ကာ ဝင်ကူပေးနေပါသည် ။ မနက်တစ်ခါရီခွဲခါနီးတွင် ဆေးသွင်းရန် ခြေချင်းဝတ်မှ အကြောကို ရှာတွေ့ကြပါသည် ။

ထိုအချိန် ကျွန်မ ဘာဖြစ်သွားမှန်းမသိ ဒူးနှစ်ဖက်စလုံးညွတ်ကျသွားပြီး အမေ၏ သံခုတင် တိုင်ကို ဝင်တိုက်ကာ ကြမ်းပြင်ပေါ်သို့ ပုံကျသွားပါသည် ။ စဖြစ်သောအချိန်မှ စ၍ ရက်နှစ်ဆယ်လုံး စကားမပြောနိုင်ခဲ့သော အမေသည် ကျွန်မ ပြုတ်ကျသွားမှန်းသိသောအခါ "သမီး ဘာဖြစ်သွားတာလဲ ကြည့်ကြပါဦး"ဟု ပီပီသသအော်ပြောလိုက်ပါသည် ။ ထိုအချိန်ကစ၍ အမေ စကားပြန်ပြောနိုင်တော့သည် ။ ကုသမှုများ စတင်ပြီး ပထမဆုံးအကြိမ် အမေ့ထံမှ တုံ့ပြန်မှု စရခြင်းဖြစ်ပါသည် ။ ဆရာဝန်က အမေ့ကိုသာမက ကျွန်မကိုပါကြည့်ရတော့သည် ။ ဘာမှ မဖြစ်ပါဘူး အိပ်ငိုက်သွားတာဖြစ်နိုင်သည် ဟု ဆိုပါသည် ။ ဆရာဝန်ပေးသော ဆေးသောက်ပြီး ကျွန်မ အိပ်ပျော်သွားသည် မှာ နောက်တစ်နေ့ နေ့လယ်တစ်နာရီထိုးခါမှ အိပ်ရာမှ နိုးပါတော့သည် ။ ကျွန်မ စိတ်ချလက်ချ အိပ်ပျော်သွားခြင်းဖြစ်သည် ။ ကျွန်မ နိုးလာချိန်တွင် အမေသည် အံ့ဩဖွယ်ကောင်းစွာ မျက်စိပြန်မြင်နေရပြီဖြစ်သည် ။ အမေ့ကုသရေး၏ ဒုတိယမြောက် အောင်မြင်မှုဖြစ်သည် ။ အမေ့နားသို့ ကျွန်မ ရောက်လာသောအချိန်မှ စ၍ ဆယ့်ကိုးရက်စလုံး ကျွန်မ တစ်ညမှ မအိပ်ဖြစ်ခဲ့ပါ။ နေ့ခင်းဘက် တစ်နေကုန် စောင့်ရသော အဖေသည် ကျွန်မကိုတစ်ရေးအိပ်ရန် ပြောသော်လည်း သူကိုယ်တိုင်မှ ညဘက်လည်း ငိုက်ရုံသာငိုက်ရသောကြောင့် ကျွန်မ မအိပ်ရက်ပါ။ ကျွန်မကမှ နေ့ခင်းဘက် အိမ်ပြန်လျှင် တစ်ရေးအိပ်ရသေးသည် ။ ညတာဝန်ကျ နာစ့်ဆရာမ ရှိသော်လည်း အမေ အပူတက်လာချိန်တွင် ကျွန်မတို့ ဝိုင်းကူကြပါလျက်နှင့်ပင် အမေ့အပူချိန်ကို မနိုင်ကြပါ။ ထို့ကြောင့် ကျွန်မတို့ မှာ အဘယ်မှာ လျှင် စိတ်ချလက်ချ အိပ်ပျော်နိုင်ပါမည်နည်း။ သို့သော် နေ့ဘက်အချိန်များ တွင် တော့ ကျွန်မသည် ဘယ်နေရာမှာ ပင်ဖြစ်စေ ခေါင်းမှီစရာတစ်စုံတစ်ခုရှိလျှင်ပင် အိ

ပ်ပျော်သွားတတ်သည် ။ မနက်ဘက်ဆေးရုံမှ အပြန် တာမွေနှင့် စမ်းချောင်းခရီးကိုပင် ကားပေါ်တွင် ကျွန်မ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တတ်သည် ။ အိမ်ရှေ့သို့ ကားဆိုက်လျှင်လည်း အစ်ကိုကြီးက ကျွန်မကို မနည်းနှိုးယူရသည် ဟု ဆိုသည် ။

အမေ့အခြေအနေသည် စိတ်မချရသေးသော်လည်း တိုးတက်မှုရှိလာပြီဟု ဆိုရမည်။ နယ်မှ အဖေ့အမျိုးများ နှင့် အဖေနယ်မှ တာဝန်ကျစဉ်ဆွေမျိုးများ လို ခင်မင်ရင်းနှီးခဲ့သော ဝန်ထမ်းများ ရောက်လာကြသည် ။ ကျွန်မတို့ အတွက် ကူဖော်လောင်ဖက်များ လာ၍ စိတ်ရောလူပါ အနည်းငယ် သက်သာရာရလာသည် ။ ထိုအချိန်ကျမှ ကျွန်မသည် အမေ ဆေးမတည့်ဖြစ်မှုအပေါ် မကျေနပ်ဖြစ်လာသည် ။ ကျွန်မ အသက်ကလည်း နှစ်ဆယ်စွန်းစအချိန် ပြည်ပရေးရာ စာပေများ မတောက်တခေါက်ဖတ်ပြီး နိုင်ငံခြားမှာ ကဲ့သို့ပင် ထိုသွေးဆေးတိုက်ကြီးအား တရားစွဲရန်အတွက် အမေသောက်လိုက်သော သွေးဆေးကို စမ်းသပ်ကြည့်ရန် ဓာတ်ခွဲခန်းသို့ ပို့လိုက်ပါသည် ။ မိုက်မိုက်ကန်းကန်းပင် ထိုသွေးဆေးကို ကျွန်မကိုယ်တိုင် သောက်ကြည့်လိုက်သေးသည် ။ ဓာတ်ခွဲခန်းမှ ထွက်လာသောအဖြေမှာ သွေးဆေးထဲတွင် ဆာလ်ဖာအုပ်စုဝင် ဆေးတစ်မျိုးကို တွေ့ရှိသည် ဟု ဆိုသည် ။ အမေသည် ဆာလ်ဖာဆေး မတည့်ခြင်းဖြစ်သည် ။ တကယ်သိလာရသောအခါတွင် ကျွန်မ ဘယ်က ဘယ်လိုတရားစွဲရမှန်းမသိ၊ ကျွန်မ စိတ်အားထက်သန်နေ၍ အဖေသည် ဘာမှ မပြောသော်လည်း ကြိုက်ပုံမပေါ်။ ကျွန်မ အစ်ကိုကြီးမှာ လည်း အမေ့အတွက် တနင်္ဂနွေနေ့တိုင်း ရွှေတိဂုံစေတီရင်ပြင်ပေါ်တွင် ညပိတ်ချိန်ရောက်၍ ဘုရားဂေါပကများ နှင်မချမချင်း မထတမ်းဆုတောင်းပေးခြင်း၊ အမေ့အတွက် ဗေဒင်တကာမေးကာ ယတြာချေ ပေးခြင်းများ အလုပ်ကလွဲလျှင် ကျန်သောကိစ္စများကို စိတ်မဝင်စားလှပါ။ အမေပြန်ကျန်း

မာလာလျှင် ပြီးပြီပဲဟု သဘောပိုက်ထားသူ။ အမေ့အတွက်ယတြာချေမ ည်ဆိုပြီး အစ်ကိုကြီးသည် ကျွန်မဆေးရုံက ပြန်လာတိုင်း အမေဝတ်ပြီး သား အဝတ်တစ်စုံကို တောင်းလေ့ရှိသည် ။ ပြီးလျှင် ထိုအဝတ်ကိုရေနံ ဆီလောင်း၍ မီးပုံရှို့ကာ လှိုင်မြစ်တွင် ရေသွားမျှောရသည် ။ နေ့စဉ်သူ ကိုယ်တိုင် လုပ်ပေးသည် ။ ကျွန်မမှာ သာ အစ်ကို့ကိုလည်း မပြောရက်၊ အမေဝတ်၍ ရသည့် အင်္ကျီမှာ လည်း ရှားလာ၍ ညနေအချိန်မီပြန် ဝတ် နိုင်ရန် အမောတကောစီစဉ်ရသည် ။ ဆေးရုံတွင် တော့ ညတိုင်း အမေ့ ဘေးတစ်ဖက်တစ်ချက်တွင် ကျွန်မနှင့်အတူ လာစောင့်ပေးသောမိန်းက လေး (ကျွန်မ ညီမအရင်းကဲ့သို့ဖြစ်နေသောသူ) က ပရိတ် ရွတ်ပေးပါသ ည် ။

အမေ အသည်းအသန်ဖြစ်နေသော ရက်များက လိပ်ပြာကြီးတစ် ကောင်သည် ထူးဆန်းစွာ အမေ့မွေးနေ့ဖြစ်သည့် တနင်္ဂနွေနေ့ညတိုင်း အခန်းထဲသို့ လာနားနေတတ်သည် ။ ခြောက်လှန့်မောင်းထုတ် သော်လ ည်း ထွက်မသွားဘဲ အခန်းထဲတွင် ပျံလျက် တစ်နေရာတွင် နားနေပြန် သည် ။ ထိုအခါကျွန်မနှင့်အတ ူလာစောင့်ပေးသော ညီမလေးကလည်း မျက်နှာပျက်နေပါသည် ။ အစ်ကိုကြီးကလည်း ဆေးရုံမှ စောစောပြန်၍ ရွှေတိဂုံဘုရားသို့ ပြေးပါတော့သည် ။ တနင်္ဂနွေနှစ်ပတ်လောက် ဆက် တိုက်ဖြစ်လာသောအခါ ညတာဝန်ကျ နာစ့်မလေးကပါ ထိုအဖြစ်ကို အ လေးထားလာသည် ။ အဖေသည် ဘာမှ အပြော သော်လည်း ထိုလိပ်ပြာ ကို လေ့လာကြည့်ရှုနေပါသည် ။ ကျွန်မကမူ အခန်းထဲသို့ လိပ်ပြာဝင် လာခြင်း ကို စိတ်အနှောင့်အယှက်ဖြစ်ခြင်းထက် အခန်းထဲရှိ လူများ ၏ စိတ်မသက်သာဖြစ်နေသော မျက်နှာ များကို ကြည့်ရသည် က ပိုဆိုးပါ သည် ။ ထို့ကြောင့်ဘာမှ စဉ်းစားမနေတော့ဘဲ ထိုလိပ်ပြာကိုမျက်နှာ သု တ်ပဝါဖြင့် ရိုက်သတ်လိုက်ပါတော့သည် ။ ဘာကြောင့်ပဲဆိုဆို အမေသ

ည် သိသိသာသာအကောင်း ဘက်သို့ ပြောင်းလာသည် ။ သွေးဆေးတိုက်ကို တရားစွဲဖို့ ကိစ္စ ဘယ်သူမှ စိတ်မဝင်စားကြသည့်အဆုံး ကျွန်မသည် အမေ့ကို တိုင်ပင်ပါတော့သည် ။ သို့သော် အမေပြောလိုက်သော စကားတစ်ခွန်းကြောင့် ကျွန်မ ဘာမှ ဆက်မလုပ်ဖြစ်တော့ပါ။

"သမီး၊ အတိတ်ဘဝက အကုသိုလ်ကံကြောင့် အမေ ဒီဘဝမှာ အခုလောက်ခံနေရတယ်။ အမေအရင်ဘဝက ဘယ်သူ့ကို ဘာတွေလုပ်ခဲ့မိတယ် မသိဘူး၊ ဒီလောက်နဲ့ ပဲ ကျေပါစေတော့။ ဒီဆေး ကို သမီးသောက်ကြည့်တာ အမေ့လိုဖြစ်လို့ လား၊ ဒီဆေးတိုက်က ဒီသွေးဆေးကိုပဲ သောက်နေကြတဲ့ အမျိုးသမီးတွေလည်း အများကြီးပဲ။ သူတို့ လည်း ဖြစ်မှ မဖြစ်တာ၊ အမေ့ဝဋ်ကြွေးဆပ်ရတယ်ပဲ သဘောထားပေးပါ။ အမေဖြစ်တာကို ဘာမှ မသိလိုက်ဘဲ အေးအေးချမ်းချမ်းနေနေတဲ့ သူတို့ မိသားစုကို စိတ်ဒုက္ခမပေးချင်ပါနဲ့ တော့"တဲ့ ။

အမေ့ဆန္ဒအရ ကျွန်မ၏ တရားစွဲလိုစိတ်ကို ချိုးနှိမ်ပြီးသောအခါ ဆေးဖိုးဝါးခငွေကြေး မပြည့်စုံမှုဆိုင်ရာ သောကအပူသည် ပိုကြီးလာပါသည် ။ ကျွန်မတို့ နေခဲ့ဖူးသော နယ်မြို့များမှ ဝန်ထမ်းအသိုင်းအဝိုင်းက သူတို့ နိုင်သလောက် ပိုက်ဆံထောက်ပံ့ကြပါသည် ။ အဖေ၊ အမေတို့ ၏ ဘဝနေထိုင်မှုပုံစံကိုသိထားပြီး ငွေကြေးချို့တဲ့ မှန်း သိနေကြ၍ ဖြစ်ပါသည် ။ ကျွန်မနှင့်အဖေ အလုပ်လုပ်ရာရုံးချုပ်မှ လည်း ထိုရက်များကို သားအဖနှစ်ယောက်စလုံးအတွက် အွန်ဂျူတီအဖြစ် သတ်မှတ်ပေးထားသည် ။ ဝန်ထမ်း သက်သာမှ လည်း တတ်နိုင်သလောက် ထောက်ပံ့ကြပါသည် ။ သို့သော်လည်း ကျွန်မလက်ထဲတွင် ဘယ်တော့မှ ငွေများများ စားစား ရှိမနေပါ။ အများကူညီသမျှငွေများကို အဖေသည် ကျွန်မလက်ထဲသို့ အကုန်ပေးပါသည် ။ ကျွန်မလည်း ယောက်မကို အိမ်တွင် လာကူညီကြသော ဧည့်သည် များ အတွက်ပါ ဈေးဖိုး ပြန်ပေးရသည် ။ ယောက်မက

လည်း ကျွန်မပေးသော ပိုက်ဆံနှင့်လောက်အောင် ဦးခေါင်းတစ်ခုလုံး ပူခြောက်နေအောင် စဉ်းစားပြီးချက်ရသည် ဟု ဆိုပါသည် ။ ဆေးရုံတွင် အထူးကုဆရာဝန်တစ်ယောက် အမေ့ခန်းသို့တစ်ခါဝင်လျှင် တစ်ထောင်ရှင်းရပြီး၊ M.O ဟု ခေါ်သော ဆရာဝန်များ ဝင်လျှင် ငါးရာရှင်း ရပါသည် ။ ညွှန်ကြားသော ဆေးများ သည် သျှင်ပါကူတွင် ရှိနေလျှင် ဘောလ်စာရင်းထဲမှတ်ထားပြီး ဆေးရုံကဆင်းမှ ပေးချေ၍ ရသော်လည်း ထို ဆေးရုံတွင် မရှိသော ဆေးဖြစ်နေပါမူ 'မေ' ဖာမေစီမှ လက်ငင်း ငွေချေ စနစ်နှင့် ဝယ်ရသည့်အခါ ကျွန်မအတွက် ကြီးစွာသော ဒုက္ခဖြစ်ပါသည် ။

အဖေသည် အမေ့ကျန်းမာရေးအတွက်သာ ဂရုစိုက်နေရ၍ လား၊ ကျွန်မကိုပဲ ယုံကြည်လွန်း ခြင်းလားတော့မသိပါ။ ထိုရက်များ တွင် ပိုက်ဆံနှင့်ပက်သတ်၍ ကျွန်မကို ဘာမှ မမေးပါ။ အထူးကု များ အမေ့အခန်းမှ စမ်းသပ်ပြီး ထွက်ခါနီးတွင် ပေးရမည့်ပိုက်ဆံကို စာအိတ်နှင့် အဆင်သင့်ထည့်၍ နောက်တွင် ပါလာသော နာစ့်မများ ၏ ဆေးဗန်းပေါ်သို့ တင်ပေးလိုက်ရသည် ။ တစ်နေ့တစ်နေ့ကျွန်မ လက်ထဲတွင် ရှိနေသည့် ပိုက်ဆံပမာဏနှင့် အထူးကု ဝင်နိုင်မည့်အကြိမ်ကို မှန်းဆရေတွက်ကြည့်ရသည် မှာ ကျွန်မဘဝအတွက် ရင်အခုန်ရဆုံးအချိန်များ ဖြစ်ခဲ့ပါသည် ။ မိသားစု၏ ရှိစုမဲ့စု စုဆောင်း၍ ရလာသောငွေဖြင့် အမေ၏ အသက်ကို ကယ်တင်စွမ်းအပေါ်တွင် သောကများ ခဲ့ရသည် ။ မိတ်ဟောင်း ဆွေကောင်းများ ဝိုင်းဝန်းမတည်သောကြောင့်သာ အမေ့ရောဂါကုသရန် အခြေအနေပေးခဲ့ခြင်းဖြစ် သည် ။ တရိပ်ရိပ်တက်လာသော ဆေးကုသစရိတ်များကို စာရင်းမှတ်ရင်း 'ကျန်းမာခြင်း လာဘ်တစ် ပါး' ဟူသော အဆိုအမိန့်ကို ထောက်ခံမိပါသည် ။

အမေ မကျန်းမမာ ဖြစ်သောအချိန်တွင် ကျွန်မတို့ လက်ထဲ၌ လည်း ပိုက်ဆံက လုံလုံလောက် လောက်မရှိ။ ထိုအခါ ကျွန်မသည် အဖေ့၏ ဘဝနေထိုင်မှုပုံစံကို အပြစ်မြင်မိသည် ။ အဖေ့ရာထူး အဖေ့အနေအထားနှင့်ဆိုလျှင် ကျွန်မတို့ သည် လည်း သူများ နည်းတူ နေနိုင်စားနိုင် ဆေးကုနိုင်သင့်သည် ။ အခုတော့ လူမမာလာမေးသည့်သူများ ပေးသွားသော စာအိတ်များ နှင့် အဖေတာဝန်ကျဖူးရာ နယ်အသီးသီးမှ ဝန်ထမ်းများက စေတနာအရ ပေးပို့လိုက်သောစာအိတ်များကို ရင်ဖိုစွာစောင့်နေရသည့် ဘဝကို ကျွန်မဝမ်းနည်းမိသည် ။ အဖေကတော့ မည်ကဲ့သို့ခံစားရသည် ကျွန်မမသိ။ အမေဆေးရုံတက်သည့် ကာလ တစ်လကျော်လာသော် အထူးကုများက 'ဒေါ်ခင်အုံးကြီး ဒီနေ့နေလို့ ကောင်းတယ်နော်' ဟု အခန်းဝမှ နှုတ်ဆက်ပြီး အခန်းထဲသို့ မဝင်ကြတော့သဖြင့် ကျွန်မတို့ သည် အထူးကုများ အတွက် ခြေကြွခ သက်သာခွင့်ရခဲ့သည် ။ သာဓုခေါ်ဖို့ ကောင်းသည့်လုပ်ရပ် ဖြစ်ပါသည် ။ အမေ့အရေပြားမှ အနာများ သည် သက်သာ လာပြီး အနာဖေးများကွာကျလာသည် ။ အမေ့ အနာဖေးများ ကျတ်ပုံများ ထူးဆန်းသည် နားရွက်မှ အနာဖေးသည် နားရွက်ပုံစံအတိုင်းကျွတ်၍ ခြေဖဝါး လက်ဖဝါးများ သည် လည်း ရှိသည့်ပုံစံအတိုင်း အချပ်လိုက်ကွာကျလာသည် ။ နောက်ဆုံးအဆင့် တစ်ခုမှာ အမေသည် စဖြစ်သည့်အချိန်မှ စ၍ ဆီးပိုက်တပ်ထားရသည် ။ အမေ၏ ကျန်အစိတ်အပိုင်းများ ကောင်းလာချိန်တွင် ဆီးပိုက် ဖြုတ်ကြည့်ကြသည် ။ ဆီးပိုက်ဖြုတ်လိုက်သည် နှင့် အမေသည် သူ့ဘာသာဆီးမသွားနိုင်တော့ပါ။

အထွေထွေအထူးကုဆရာဝန်ကြီးက နေ့တာဝန်ကျသူနာပြုဆရာမလေးကို 'လူနာသူ့ဘာသာ ဆီးသွားနိုင်အောင် လေ့ကျင့်ပေး' ဟု ခိုင်းခဲ့သည် ။ ထိုသူနာပြုဆရာမလေးသည် လူကောင်သေးသေး လေးဖြစ်သည် ။ သူ့နာမည် အရင်းကိုပင် ကျွန်မ မမှတ်မိတော့ပါ။ သျှင်ပါကူတစ်ဆေးရုံလုံးက ဆရာမ 'ပိစိ' ဟု ခေါ်ကြသည် ။ ပေးထားသည့်နာမည်နှင့် သူ့ပုံစံ တော်တော်လိုက်သည် ။ ပြုစုကုသပေးမှု၊ စိတ် ရှည်မှု အားလုံး ကောင်းသည် ။ သို့သော်လည်း သူက 'ကျွန်မ ရှင်တို့ အမေရဲ့ ပေါင်တစ်ချောင်းတောင်ကြွအောင် မမနိုင်ဘူး' ဟု ပြောလေ့ရှိသည် ။ ဆရာဝန်များက အမေ့အား အိပ်ရာပေါ်တွင် ပင် အိမ်သာအိုးထိုးပေးခိုင်းသည် ။ အကြောများမှာ အနည်းငယ် ဆိုင်းနေသေးသဖြင့် ကူပေးသောသူ မနိုင်ပါက အိမ်သာထဲတွင် မတော်တဆချော်လဲသွားမှာ ကြောက်ကြသည် ။ ဆရာမလေးခမျာ ဘယ်လိုပင်ကြိုးစား၊ ကြိုးစား အမေ့ကို သူ့ဘာသာဆီးသွားအောင် မလုပ်နိုင်ခဲ့ပါ။

ဆရာဝန်ကြီးကလည်း 'ဆရာမပိစိ ကြိုးစားကြည့်ပါဦး။ ကြီးကြီးမားမား ပြဿနာတွေတောင် အောင်မြင်အောင် ကုသနိုင်ခဲ့ပြီး၊ ဆီးမသွားနိုင်တာလေးကြောင့် ဆေးရုံက ပေးမဆင်းရသေးဘူးဆိုတာ ကြားလို့ မှကောင်းရဲ့ လား' ဟု ဆရာမလေးကို ဆူပါတော့သည် ။ အမေက 'အိုးနဲ့ဖြစ်နေလို့ မသွားတတ်တာနေမှာ ၊ အိမ်သာထဲမှာ ထိုင်ကြည့်ချင်တယ်' ဟု ဆိုသည် ။ ကျွန်မတို့ ကလည်း အမေ့ဆန္ဒအရ ဆရာဝန်များ ညွှန်ကြားထားသည် ကို ချိုးဖောက်ပြီး အိမ်သာထဲသို့ တွဲပို့ပေးကြသည် ။ သို့သော်လည်း အကြောင်းထူးမလာပါ၊ အချိန်ကြာလာတော့ ဆီးအိမ်ပြန်တင်းလာ၍ အမေမနေနိုင်ဖြစ်လာသည် ။ ထိုအခါ ဆရာမလေးက ဆီးပိုက်ပြန်တပ် ပေးလိုက်ရပြန်သည် ။ နောက်တစ်နေ့ ဆရာဝန်ကြီး ရောက်လာချိန်တွင် ဆရာမလေး အဆူခံရပြန်သည် ။ နောက်ဆုံး အဖေ

က ဆရာမလေးကို ရေနွေးအိတ်နှင့် ရေခဲထုပ်ကို အမေ့ဆီးအိမ်ပေါ်တွင် ကပ်ကြည့်ရန် အကြံပေးကြည့်သည် ။ မည်သည့် ဆရာဝန်ကိုမှ အကြောင်းမ ကြားတော့ဘဲ အခန်းထဲတွင် တစ်နေကုန် အချိန်ရတိုင်း မကြာမကြာ လုပ်ပေးကြသည် ။ နေ့ဆရာမနှင့် ညဆရာမ တာဝန်လဲခါနီးအချိန် ညနေ ခြောက်နာရီခွဲလောက်တွင် အမေက 'ဆီးသွားချင်လာပြီ အိမ်သာထဲပို့ပေးပါ' ဟု ပြောသည် ။ ဆရာမရော ကျွန်မပါ အိမ်သာထဲတွင် ဝင်ရပ်နေကြသည် ။ အိမ်သာထဲတွင် ဆယ်မိနစ်ခန့် ထိုင်လိုက်ပြီးသောအခါ၌ အမေဆီးသွားနိုင်လာတော့သည် ။ ဆရာမ ပိစိက ကျွန်မ အဖေကို 'အန်ကယ်ရေ၊ အန်တီရယ် ဆီးသွားနိုင်ပြီ' ဟု အိမ်သာထဲမှ လှမ်းအော်ပြောကာ ငိုပါတော့သည် ။ ကျွန်မ ဆရာမအဖြစ်ကို ရုတ်တရက် နားမလည်ဖြစ်သွားသည် ။

အမေ့ကို ခုတင်ပေါ် ပြန်တင်ပေးပြီးသောအခါမှ ဆရာမ ပိစိကအဖေ့ကို 'ကျေးဇူးတင်ပါတယ် အန်ကယ်၊ အန်ကယ် အကြံပေးတဲ့ အတိုင်း လိုက်လုပ်ကြည့်လို့ အောင်မြင်သွားတာ၊ အန်တီကေ့စ်က သျှင်ပါကူမှာ အပျော့ဆုံးကေ့စ်ဖြစ်နေတာ၊ ဆရာဝန်ကြီးတွေကိုယ်တိုင် မှတ်တမ်းမှတ်ရာတွေနဲ့ သေချာလုပ်နေကြတာ။ ကျွန်မကလည်း တစ်ခါမှ ဒီလောက်ကြီးတဲ့ ကေ့စ်မျိုးကို တာဝန်မယူဖူးဘူး။ ကျွန်မတာဝန်ယူလုပ်ပေးရမယ့် ကိစ္စကျမှ ခက်နေတော့တယ်။ ကျွန်မအတွက် ပွဲဦးထွက်အောင်မြင်မှုပေါ့ အန်ကယ်ရယ်၊ ကျွန်မ ဝမ်းသာလိုက်တာ' ဟု ဆိုသောအခါကျမှ ဆရာမလေးခမျာ ဝမ်းသာလွန်း၍ ငိုခြင်းဖြစ်ကြောင်းကို ကျွန်မ သဘောပေါက်သွားရသည် ။ နောက်တစ်နေ့ ဆရာဝန်ကြီးလာကြည့်ချိန် အမေဆီးသွား၍ ရပြီဟု သိသောအခါ ဆရာဝန်ကြီးက ဆရာမပိစိခေါင်းကို လက်ဖြင့်ပုတ်ပြီး 'တော်တယ်သမီး' ဟု ချီးကျူးသည် ။ ဆရာမပိစိက အဖေ့ကိုကြည့်ပြီး 'အန်ကယ် တော်တာပါဆရာရယ်' ဟု ပြောပြီး တစ်ခါ

ငိုပြန်ပါသည် ။ အမေဆေးရုံရောက်ပြီး နှစ်ရက်မြောက်နေ့မှ စ၍ အဖေသည် အမေ့ရုပ်ပုံ ပြောင်းလဲလာပုံအဆင့်ဆင့်ကို ဓာတ်ပုံရိုက်မှတ်တမ်းထားသည် ။ အနာများ စထွက်လာသောပုံ၊ တဖြည်းဖြည်းတစ်ကိုယ်လုံး အနာများ ပြည့်လာသောပုံ၊ အမေ့ကို အဖေကိုယ်တိုင် ကတုံးတုံးပေးနေသောပုံ။ အနာဖေးများ ကွာ လာပြီး ဘီးတုပ်ကုလားထိုင်ပေါ်တွင် ထိုင်နိုင်လာသောပုံ၊ ကျွန်မတို့ တွဲကူ၍ လေ့ကျင့်ခန်းပေးနေပုံ၊ အမေ့ကို ဆေးလိမ်းပေးနေကြသောပုံများ ဖြစ်သည် ။ အမေ အနည်းငယ် သက်သာလာသောအခါ အောက်ပိုင်းချည့်သလိုဖြစ်ပြီး လမ်းမလျှောက်နိုင်တော့ပါ ။ ထို့ကြောင့် ဆရာဝန်များက မိသားစုအကူနှင့် အခန်းထဲတွင် လမ်းလျှောက်လေ့ကျင့်ခန်း လုပ်ခိုင်းသည် ။ အဖေသည် ကင်မရာကို အခန်းထဲတွင် အဆင်သင့်ထား၍ အမေ့အား ကူနေသောအထဲတွင် မပါဝင်သူက ဓာတ်ပုံ ရိုက်ပေးကြသည် ။

တစ်ခါတွင် တော့ ကျွန်မတို့ မိသားစုဝင်များ မရှိချိန် နေ့ခင်းဘက်တွင် 'ဆရာမပိစိ' ကအဖေ့ကို ဓာတ်ပုံရိုက်ထားပေးသည် ။ အမေ့ခုတင်ဘေးနား ခုံတန်းရှည်ပေါ်တွင် အဖေအိပ်ပျော်နေသောပုံကို ရိုက်ထားခြင်းဖြစ်သည် ။ အဖေ့ ကိုယ်အောက်ပိုင်းမှာ ခုံအောက်သို့ တစ်ဝက်လျှောကျနေပြီးလက်တစ် ဖက်က အမေ့ရင်ဘတ်ပေါ်သို့ စိတ်မချစွာ တင်ထားပုံမှာ သိသာနေသည် ။ အမေသည် လည်း အိပ်ပျော် နေပုံရသည် ။ ပြန်ကြည့်မိတိုင်း ကြည်နူးရသော ဓာတ်ပုံလေး ဖြစ်ပါသည် ။

တစ်လနှင့် ရက်နှစ်ဆယ်ခန့် ကြာလာသောအခါ အမေ့အခြေအနေသည် အကောင်းဘက်သို့ သိသိသာသာရောက်ပြီဟု ပြောနိုင်လာသည် ။ ထိုအခါအမေ့ကို ဆေးရုံမှ ခေတ္တဆင်းပေးရန် ဆရာဝန် ကြီးများ အချင်းချင်းတိုင်ပင်ကြသည် ။ ကျွန်မတို့ ၏ ကုန်ကျစရိတ်ကို စာနာမိသောကြောင့်ဖြစ်သည် ။ သို့သော်အမေ့အား အပြင်ဆေးခန်းသို့

အပတ်စဉ်လာပြရန်တော့လိုသည် ။ ရောဂါအခြေအနေအရ လို အပ်လာပါကလည်း ဆေးရုံပြန်တက်ရမည်ဖြစ်သည် ။ နောက်တစ်နေ့ မနက်စောစောပိုင်းတွင် ဆေးရုံ မှ ဆင်းနိုင်ပြီဖြစ်ကြောင်း တာဝန်ကျဆရာဝန်ကြီးက ပြောလာသောအခါ ကျွန်မက 'ညနေဘက်မှ ဆင်းလို့ ရလား ဆရာကြီး' ဟု မေးမိသည် ။ 'မနက်ဖြန်ကြိုက်တဲ့ အချိန် ဆင်းလို့ ရတယ်၊ မနက်ဖြန်အတွက် အခန်းခကို ဆေးရုံကယူမထားပါဘူး။ ပြီးတော့ သျှင့်ပါကူမှာ ရက်ရှည်ဆေးရုံတက်လိုက်ရတဲ့ လူနာဖြစ်လို့ အခန်းခကို ဆယ်ရာခိုင်နှုန်း လျှော့ယူကြလိမ့်မယ်' ဟု ဆရာကြီးက ပြောသည် ။ အဖေသည် လည်း ကျွန်မလိုပင် ညနေဘက်မှ ဆင်းချင်သည် ။ အဖေသည် ကျွန်မနှင့် အတွေးတူသော်လည်း အကြံတော့မတူပါ။ အဖေက ကျွန်မအား 'သမီး မနက်ဖြန် မနက်ဘက်မင်္ဂလာဈေးကိုသွားပြီး အထည်ဝယ်ရမယ်။ ဆရာဝန်ကြီးတွေအတွက် ပုဆိုးနဲ့ ရှပ်အဖြူ၊ M.O ဆရာဝန်တွေအတွက် ပုဆိုးတွေနဲ့ ၊ မေထရွန် စစ်စတာ၊ နာ့စ်အပြာဝတ်၊ အနီဝတ်တွေအတွက် ယူနီဖောင်း ထက်အောက်တစ်စုံစီဝယ်ဖို့ အဖေစာရင်း လုပ်ထားတယ်။ အားလုံး ညည်းအမေရဲ့ ကျေးဇူးရှင်တွေချည်းပဲ။ သူတို့ တွေကို ကန်တော့စေချင်လို့ ညနေမှ ဆင်းမှာ ' ဟု ဆိုပြီး အထည်များ ဝယ်ရန် ပိုက်ဆံထုတ်ပေးပါသည် ။ ထို့ကြောင့် ဈေးသို့သွား၍ ကျွန်မ စီစဉ်ရတော့သည် ။ ကျွန်မ၏ အကြံကမူ ဆေးရုံမှ ပြေစာကို မနက်ပိုင်းတွင် သွားကြည့်ပြီး ကျွန်မလက်ထဲတွင် ရှိနေသော ပိုက်ဆံနှင့်မလောက်ပါက ရှာနိုင်ရန်အတွက် အချိန်ခွာထားခြင်းဖြစ်သည် ။

အမေ ဆေးရုံက မဆင်းမီ တစ်ရက်အလို ညနေဘက်တွင် ကောင်တာသို့သွားပြီး သွင်းရမည့် ငွေစာရင်းကို ကျွန်မတောင်းကြည့်သည် ။ ကျွန်မတွင် လက်ကျန်ရှိနေသော ပိုက်ဆံသည် ရှင်းရမည့်ပ မာဏအတွက် ခြောက်သောင်းကျော်ခန့် လိုနေသည် ။ အဖေ့လည်း မပြောချင်၊ ကျွန်

မကိုယ်တိုင်လည်း ထိုပိုက်ဆံကို ဘယ်ကသွားရှာရမည်မသိနှင့် တစ်ယောက်တည်း ဒုက္ခရောက်နေသည် ။ နောက်ဆုံးပေါ် လာသည့်အကြံက မူ ကျွန်မဆွဲထားသော ဆွဲကြိုးနှင့် သိမ်းထားသော အမေ့ကြိုးနှစ်ကုံးကို ရောင်းရန် ပင်ဖြစ်သည် ။ အဖေထိုင်းနိုင်ငံသို့ လေ့လာရေးခရီး သွားရစဉ်က အမေ၊ ကျွန်မနှင့် ယောက်မတို့ အတွက် ယိုးဒယားဘတ်ကြိုး တစ်ကုံးစီ ဝယ်လာသည် ။ ယောက်မ ဆွဲထားသောကြိုးကိုတော့ တောင်း၍ မကောင်းသဖြင့် မပြောဖြစ်ခဲ့။ ထိုညနေ ဆေးရုံသို့အသွားတွင် သေတ္တာထဲမှ အမေ့ဆွဲကြိုးကိုပါ တစ်ခါတည်း ယူသွားလိုက်သည် ။ အမေ ထားတတ်သည့် နေရာများ တွင် ရွှေဆိုင်မှ ငွေရပြေစာ (ဘောင်ချာ) စာရွက်ကို ရှာကြည့်သေးသော်လည်း မတွေ့သဖြင့် ဒီအတိုင်း ယူခဲ့လိုက်သည် ။

မနက်စောစော ဆေးရုံမှ အပြန် လှည်းတန်းဈေးအပေါ်ထပ်သို့ ဆွဲကြိုးရောင်းရန် တက်ခဲ့ လိုက်သည် ။ အချိန်မှာ နည်းနည်းစောနေသေးသဖြင့် တခြားနေရာမှ ရွှေဆိုင်များက မဖွင့်သေး။ လှည်းတန်းဈေးမှာ ပင် နှစ်ဆိုင်သုံးဆိုင်လောက်သာ ဆိုင်ခင်းနေကြတာတွေ့ရသည် ။ အဆင်ပြေမည် ထင်သည့်ဆိုင်တစ်ဆိုင်သို့ဝင်၍ ဆွဲကြိုးရောင်းချင်ကြောင်း ပြောကြည့်သည် ။ ဆွဲကြိုးကိုမြင်တော့ ဆိုင်ရှင်အစ်မကြီးက 'ညီမလေး၊ ဒီဆွဲကြိုးကဘတ်ကြိုးနော်၊ ဘယ်ကရလာတာလဲ' တဲ့ ။ 'ကျွန်မအဖေ ဗန်ကောက်သွားတုန်းက ဝယ်လာတာ' ဆိုတော့ 'ဘောင်ချာပြပါ'တဲ့ ။ 'ဘောင်ချာတော့မရှိဘူး အစ်မရယ်၊ အမေက ဆေးရုံတက်နေရတော့ ဘယ်နားထားခဲ့မှန်းမသိလို့ ရှာမတွေ့ဘူး' ဟု ကျွန်မ ပြောသောအခါ 'ဒါဆို ညီမလေးဒီမှာ ခဏစောင့်နေဦးနော်' ဟု ဆိုကာ သူ့ဆိုင်က ကောင်မလေးတစ်ယောက်နှင့် ကျွန်မကိုထားခဲ့ပြီး ဈေးအောက်ထပ်သို့ ဆင်းသွားသည် ။ ခဏအကြာအမျိုးသားကြီးနှစ်ဦးနှင့်အတူပြန် ရောက်လာကြသည် ။

ဆိုင်ရှင်အစ်မကြီးက ဘာမှ မပြောဘဲပါလာသည့် အမျိုးသားတစ်ဦးက 'သမီးက တစ်ယောက် တည်းလာတာလား၊ နေတော့ဘယ်မှာ နေတာလဲ၊ ဒီဆွဲကြိုး နှစ်ကုံးကို ဘယ်ကရခဲ့တာလဲ'ဟု ဆိုတော့ မှ ကျွန်မကို မသင်္ကာ၍ မေးနေမှန်း သိတော့သည် ။

ကျွန်မ ချက်ချင်းမျက်ရည်တွေဝဲလာသည် ။ တစ်ခါမှ မကြုံဖူးခဲ့သောသူတစ်ပါး၏ သင်္ကာမ ကင်းဖြစ်ခြင်းကို ခံရပါတော့သည် ။ ကျွန်မပုံစံသည် ဆေးရုံမှ ဒီအတိုင်းထလာခဲ့၍ ညဝတ်အင်္ကျီလေး နှင့်ဖြစ်သည် ။ ကိုယ့်ဇာနှင့်ကိုယ်မို့ အင်္ကျီမလဲဖြစ်ခဲ့၊ အချိန်မှာ မနက်စောစောဖြစ်နေပြီး ဆွဲကြိုးများ မှာ လည်း ယိုးဒယားဘတ်ကြိုးတွေ ဖြစ်နေပြန်သည့်ပြင် ကျွန်မ၏ အသက်အရွယ်နှင့် တစ်ယောက် တည်းလာရောင်းသောကြောင့်လည်း ဖြစ်နိုင်ပါသည် ။ ပိုဆိုးသည် မှာ ဘောင်ချာလည်း မပြနိုင်။

ဆိုင်ရှင်အစ်မကြီးသည် ဈေးခေါင်းရုံးမှ တာဝန်ရှိသူ နှစ်ယောက်ကို ခေါ်လာခြင်းဖြစ်သည် ။ ကျွန်မ စဉ်းစားရပြီ။ ငိုနေရုံနှင့် ကျွန်မကို သူတို့ မယုံနိုင်၊ အဆင်မသင့်လျှင် ဈေးခေါင်းရုံးသို့ ပါသွား နိုင်သည် ။ ထို့ကြောင့်ကျွန်မက ရွှေဆိုင်ပိုင်ရှင် အစ်မကြီးအား 'ဇကာကြီး မုန့်ဟင်းခါးဆိုင်က အန်တီ နွယ်လေးကို သိလား' ဟု မေးရသည် ။ တရင်းတနှီး သိပါသည် ဟု ဆိုသောအခါမှ 'အန်တီနွယ်လေးကို အကြောင်းကြားပေးပါ'ဆိုပြီး ကျွန်မနာမည်ကို ပြောလိုက်သည် ။ ပြီးတော့ 'ဈေးရှေ့မှာ ရုံးကားတစ်စီး ရပ်ထားတယ်၊ မောင်းတဲ့ သူက ကျွန်မအစ်ကိုကြီးကိုယ်တိုင်ပဲ' ဟု ဆိုပြီး ကားနံပါတ်လည်း ပြောလိုက်သည် ။ အန်တီနွယ်လေးကို ဆိုင်ရှင်အစ်မကြီးကိုယ်တိုင် သွားခေါ်သည် ။ အန်တီနွယ်လေးရောက် လာပြီး ကျွန်မကို မြင်သောအခါ 'အဲဒါ ကျွန်မ တူမပဲ'ဟု ဆိုကာ ပြဿနာကို ဖြေရှင်းပေးသည် ။ ထိုအခါမှ

ဆိုင်ရှင်အစ်မကြီးရော ဈေးလူကြီးများကပါ အန်တီနွယ်လေးကို တောင်းပန်ကြသည် ။ ကျွန်မကိုတော့ ကလေးအရွယ်ဟု သတ်မှတ်ထား၍ ပဲလား၊ တောင်းပန်စရာမလိုဘူးဟု ထင်၍ ပဲလားမသိ၊ သူတို့ မသက်ာဖြစ်မိသည့်ကိစ္စကို ပြန်မတောင်းပြန်ကြပါ။ လူတစ်ယောက်ကို မတရားစွပ်စွဲ၍ နှုတ်ဖြင့်စော် ကားမိလျှင် မည်သည့်အသက်အရွယ်ပင်ဖြစ်နေပါစေ ပြန်တောင်းပန်သင့်သည် ဟု ကျွန်မထင်ပါသည် ။ ထို့နောက်တွင် တော့ ဘောင်ချာပြစရာမလိုတော့ဘဲ ဆွဲကြိုးကို ဝယ်လိုက်ကြသည် ။ အန်တီနွယ်လေး က ကျွန်မကိုဖက်ကာ 'ဘယ်လိုဖြစ်တာလဲ သမီးရယ် လူကြီးတွေကိုပြောရောပေါ့' ဆိုကာ ကျွန်မနှင့်အတူ သူပါငိုတော့သည် ။ တကယ်တော့ အန်တီနွယ်လေးသည် ကျွန်မတို့ နှင့် အမျိုးမတော်ပါ။ အမေတို့ မောင်နှမများ နှင့် အလွန်ခင်မင်ရင်းနှီးသောသူသာ ဖြစ်သည် ။

ကားပေါ်တွင် အိပ်ပျော်ပြီး ကျန်ခဲ့သော ကျွန်မအစ်ကိုကြီးသည် ကျွန်မနှင့် အန်တီနွယ်လေး ပြန်ရောက် လာပြီးပြောပြမှ အကြောင်းစုံသိတော့သည် ။ "နင်က ငါ့မှ လာမခေါ်တာ"ဟု အေးရာအေး ကြောင်းစကားလေးတော့ ပြောပါသည် ။ "အေး -ကိုကြီးကို လာခေါ်နေရင် ထွက်ပြေးတယ်ထင်ပြီး လိုက်တောင်ရိုက်နိုင်တယ်၊ လူကို ခိုးရာပါပစ္စည်းနဲ့ အတူဖမ်းမိထားတယ် ထင်နေကြတာ၊ အမေဆေးရုံကဆင်းလာမှ ဘောင်ချာယူပြီးတစ်ခါ ပြန်လာခဲ့ဦးမယ်"ဟု ကျွန်မပြောနေမိသည် ။ တကယ်လည်း ကျွန်မအမေဆေးရုံမှ ဆင်းသောအခါ ဘောင်ချာယူပြီး ထိုဆိုင်ကိုသွားပေးလိုက်သည် ။ အိမ်အပြန်လမ်းတစ်လျှောက် ကားပေါ်တွင် ကျွန်မအဖြစ်ကို ပြန်စဉ်းစားမိပြီး မကျေမနပ် ဖြစ်လာသည် ။ ထို့ကြောင့် ကျွန်မအစ်ကိုကို "ကိုကြီးရေ၊ ငါ သူတို့ ကို အသေရေဖျက်မှုနဲ့ တရားစွဲရင်ကောင်းမလား"ဟု ဆိုသောအခါ

"နင်ရှုးကြောင်ကြောင်တွေ တွေးပြန်ပြီ၊ သွေးဆေးတိုက်ကို တရားစွဲမယ် လုပ်လိုက်၊ ဈေးလူကြီးတွေကို တရားစွဲမယ်ပြောလိုက်နဲ့ ၊ ရွှေဆိုင်ကို ဘောင်ချာမပါဘဲနဲ့ ဘာဖြစ်လို့ ရွှေသွားရောင်းတာလဲ၊ ဝယ်ထားပေးလိုက်တာပဲ ကျေးဇူးတင်"ဟု ဆိုတော့မှ ကျွန်မ၏ မဟာစိတ်ကူးများ ရပ်တန့်သွား ပါတော့သည် ။

(၄)

အိမ်ပြန်ရောက်၍ ယောက်မကို အကြောင်းစုံပြောပြသောအခါ "ငါလည်း ဘောင်ချာစာရွက် လိုက်ရှာနေတာ မတွေ့လို့ ငါ့ဆွဲကြိုးကို ပေါင်ထားလိုက်တာ၊ နင့်လိုတော့ သွားမရောင်းရဲဘူး"ပြော သောအခါကျမှ သူ့လည်ပင်းကိုကြည့်မိသည် ။ ကျွန်မ မတောင်းချင်၍ ချန်ထားခဲ့သော်လည်း ကျွန်မ အရင်သူက လက်ဦးအောင် ပေါင်နှင့်ပြီ။ ကျွန်မပေးသော ဈေးဖိုးနှင့် အိမ်ရှိငွေ့သည် များကို ဘယ်လိုမှ လောက်အောင် ချက်မကျွေးနိုင်သောကြောင့် သူလည်း သူ့နည်းသူ့ဟန်ဖြင့် ဖြေရှင်းထားလိုက်ခြင်းဖြစ်သည် ။ ကျွန်မ ဆေးရုံသို့ တစ်ခါပြန်သွားပြီး ကောင်တာတွင် ငွေရှင်းဖို့ လုပ်ရသည် ။ ထိုအခါကျတော့မှ ကျွန်မအဖေလက်ထဲတွင် ပေးရန်ကျန်သမျှရှင်းရန် ငွေလုံလုံလောက်လောက်ရှိနေကြောင်း သိရသည် ။ အမေ့ မောင်တစ်ယောက်နှင့် ကျွန်မ၏ မောင်အလတ်က ပြည်ပတွင် ရှိနေသည် ။ သူတို့နှစ်ယောက်က ဆေးရုံကုန်ကျစရိတ် ရှင်းနိုင်ရန်အတွက် လွန်ခဲ့သောတစ်ပတ်လောက်က အဖေ့နာမည်နှင့် ငွေပို့ထားခြင်းဖြစ်သည် တဲ့ ။ ကျွန်မမှာ တစ်ယောက်တည်း ရင်ပူလိုက်ရသည့်ဖြစ်ခြင်း။ ဆေးရုံကဆင်းသည့်အချိန်မှာ ပိုက်ဆံအကျေမပေးနိုင်ခဲ့လျှင် ဘယ်လိုမျက်နှာတွေနဲ့ နေရပ့်

မလဲဟု တွေးမိပြီး လုပ်မိလုပ်ရာ တွေလျှောက်လုပ်ရင်း ကံကောင်း၍သာ အဖမ်းမခံရခြင်းဖြစ်သည် ။ ကျွန်မ အဖေ့ကို အပြစ်တင်စကားပြောမိသောအခါ အဖေက "သမီးက အဖေကို ဘာမှ မမေးဘဲ လျှောက်လုပ်နေတာကိုး၊ ပိုက်ဆံအကုန်လုံးကို သမီးလက်ထဲမှာ ကိုင်ပြီးရှင်းနေတာပဲ ။ အထည်တွေဝယ်ဖို့ အဖေထုတ်ပေးတဲ့ ပိုက်ဆံ ဘယ်ကရမှာ လဲ၊ သမီးသိနေတယ် ထင်တာပေါ့"တဲ့ ။ ထိုအခါကျမှ ကျွန်မလည်း "ဟုတ်သားပဲ၊ ငါ့ကိုဆရာဝန်ကြီးတွေနဲ့ သူနာပြုဆရာမတွေကို ကန်တော့ဖို့ အထည်သွားဝယ်ခိုင်းတုန်းက ပိုက်ဆံအများကြီးထုတ်ပေးလိုက်တာပဲ၊ အဖေ့လက်ထဲ ပိုက်ဆံဘယ်လိုရှိလာတာလဲဆိုတာကို မတွေးလိုက်မိဘူး "ဟု သာ ကိုယ့်ဘာသာ ပြန်တွေးမိသည် ။

ဆေးရုံဆင်းမည့်နေ့ အမေ့အခန်းထဲတွင် အထူးကုဆရာဝန်ကြီးများနှင့်သူနာပြုဆရာမများ ကို အဝတ်ထည်များ ဖြင့် အမေ ကန်တော့ပါသည် ။ ထိုအခါ ဆရာဝန်ကြီးများက "ဒေါ်ခင်အုံးကြီး ကျွန်တော်တို့ ကို မကန်တော့ပါနဲ့ ၊ ခင်ဗျားယောကျ်ားကို တစ်နေ့သုံးကြိမ်ထိုင်ကန်တော့၊ အခုလိုပြန် ကျန်းမာလာတာ သူ့အကြံဉာဏ်တွေကြောင့် အများကြီးပါပါတယ်။ ပြီးတော့ ခင်ဗျားသမီး သူလည်း ကျေးဇူးတင်စရာကောင်းတယ်၊ တော်တော်ပြုစုပေးနိုင်တယ်"ဟု ဆိုပြီး ကျွန်မခေါင်းကို ပုတ်ပါသည် ။ ကျွန်မတို့ မိသားစုဝင်များ လည်း အနည်းငယ်တော့ ပြုံးနိုင်လာကြပြီ။ အဘယ်ကြောင့် ဆိုသော် အမေ့ ကိုနောက်ထပ် ဆေးရုံဆက်တက်ပြီး ကုသရန်လိုအပ်နေပါသေးသည် ။ သို့သော် ကျွန်မတို့ မိသားစုကို စာနာသောအားဖြင့် ခဏဆင်းခိုင်းလိုက်ခြင်းဖြစ်သည် ။ တစ်နည်းအားဖြင့် အမေ့ကို ဆေးဆက်ကုသ ရန်ပိုက်ဆံရှာချိန်ပေးလိုက်ခြင်းလည်း ဖြစ်သည် ။ အမေ ဆေးရုံမှ ဆင်းလာသောအခါ ငွေပို့ပေးလိုက် သော မောင်အလတ်နှင့် ဦးလေးထံသို့အဖေက အမေ့ဓာတ်ပုံများ ပို့ပေးလိုက်သည် ။ အ

မေ့ဓာတ်ပုံကို တွေ့ကြတော့ သူတို့ ထင်ထားသည် ထက် အများကြီး ပို ဆိုးနေပြီး ထိုအခြေအနေမှ အဆင့်ဆင့်ပြောင်း လဲကောင်းလာပုံကို တွေ့ ရသောအခါအံ့ဩကြပြန်သည် ။ မောင်အလတ်ကတော့ မှတ်ချက်ပေး သည် ။ အမေကလွဲလျှင် လူနာစောင့်သုံးယောက်စလုံး "ဝ"နေကြသည် တဲ့ ။ တကယ်လည်း အဖေရောကျွန်မ ပါ "ဝ"နေကြသည် ။ ကျွန်မတို့ မ ဝခံနိုင်ပဲ့မလား၊ အမေ့ကို တစ်နေ့ကြက်ဥအကာ ခြောက်လုံးကျွေး ရသ ည် ။ ကျန်နေသော အနှစ်များကို နှမြောတော့ အဖေနှင့်ကျွန်မတစ်လှည့် စီ စားကြသည် ။ ထို့ပြင် ကြက်စွပ်ပြုတ်ဆိုလျှင်လည်း အမေကအရည်ပဲ သောက်ရသည့်အတွက် အဖေနှင့်ကျွန်မက အသားများ စားကြသည် ။ မိတ်ဆွေအချို့နှင့် ဆွေမျိုးများကလည်း ကျွန်မနှင့်အဖေပါ နေမကောင်းဖြစ်ပြီး လဲသွားမည်စိုး၍ နွားနို့နှင့် ကွဲရိုင်းအချိုရည်များ လာပို့ပေးတတ်ကြသည် ။ အိပ်ရေးပျက်သော်လည်း အိပ်ခွင့်ရသည့်အချိ န်တွင် ခေါင်းချလိုက်သည် နှင့် ချက်ချင်းအိပ်ပျော်သွားတတ်သည် ။

အမေသည် သျှင်ပါကူဆေးရုံတွင် သုံးကြိမ်တက်၍ ဆေးကုပြီးသော အခါ ခန္ဓာကိုယ်ပေါ်မှ မြင်မကောင်းသော အနာရွတ်များမှ အပ လူကော င်းဖြစ်ပြီဟု ပြောနိုင်လာသည် ။ ဆေးကုသစရိတ်စုစု ပေါင်းသည် လည်း ၁၉၉၆ ခုနှစ်ဝန်းကျင်က ဆူပါရှဖ်ဗင် ဖင်ကောက်တစ်စီးစာနှင့် ညီမျှသ ည် ။ အမေ ဆေးရုံမတက်ရဘဲ ထိုကားမျိုး ဝယ်ပါဟု ပြောလာလျှင်မူ ကျွန်မတို့ တွင် ကားဝယ်နိုင်သောငွေပမာဏ ရှိမနေပါ။ ထိုအခါကျမှ ကျွ န်မစဉ်းစားမိသည် ။ အဖေသာ တရားမဝင် ငွေရှာထားပါက အမေ့ကို ကောင်းမွန်စွာ ဆေးကုနိုင်မည်ဖြစ်သည် ဟု ကျွန်မထင်ခဲ့သည် ။ ယခုထို ငွေမျိုး ရှာမထားသော်လည်း အမေ့ကိုဆေးကုပေးနိုင်သည် သာ။ အဖေ ၏ ရိုးသားတည်ကြည်စွာ နေထိုင်မှုကြောင့် အထက်လူကြီးများ ရော အောက်လက်ငယ်သားများကပါ ဆေးကုသရန် ငွေကြေးထောက်ပံ့သည်

သာမက အမေပြန်ကျန်းမာလာစေရန် မေတ္တာပို့ပေးကြသည် ။ အမေ ဆေးရုံတက်စဉ်က အမေ့အခန်းထဲတွင် ဆရာတော်ပေါင်း စုံ၏ အန္တရာယ်ကင်း ပရိတ်ရေပေါင်းစုံရှိနေသည် ။ အဖေ့ရုံးအသိုင်းအဝိုင်းမှ ယူလာပေးကြခြင်းဖြစ် သည် ။

အဖေ တရားမဝင်ရှာထားသောငွေဖြင့် အမေ့ကို ဆေးကုသနိုင်ခဲ့ပါက "မတရားရှာထားတဲ့ ငွေဖြင့် အမေ့ကိုဆေးကုသနိုင်ခဲ့ပါက "မတရားရှာထားတဲ့ ငွေ မတရားပြန်ကုန်သွားတာပါပဲ"ဟု ကောင်းချီးပေးကြမည် ။ အခုတော့ဖြင့် တကယ့်ကိုမေတ္တာဖြင့် ဝိုင်းဝန်းကူညီသောငွေများ ဖြင့် အမေ့အ သက်ကို ဆက်နိုင်ခဲ့ကြသည် ။ နောက်တစ်ခုမှာ အမေသည် သူသေကောင်ပေါင်းလဲ ဖြစ်နေချိန်တွင် ပင် သူသောက်မိသည့် သွေးဆေးတိုက်ကို အပြစ်မမြင်၊ သူ့ကံကြောင့်သာ ဖြစ်သည် ဟု မှတ်ယူထားသူ၊ ကျွန်မ တရားစွဲချင်သည် ကိုပင် တားမြစ်ပြီး တစ်ဖက်သားကို အသိမပေးစေဘဲ မေတ္တာထားနိုင်သူ။ နောက် မေတ္တာထားပေးသော အဖွဲ့တစ်ခုမှာ သျှင်ပါကူဆေးရုံမှ အမေ့ကို တာဝန်ယူ ဆေးကုပေးကြသော ဆရာဝန်ကြီးများ နှင့် သူနာပြုဆရာမများ ဖြစ်သည် ။ လူနာ ဆီးပြန်သွားနိုင်၍ ငိုသော သူနာပြုဆရာမကို ကျွန်မ နောက်ထပ်မကြုံဖူးတော့သလို စမ်းသပ်ခ ယူရမှာ စိုး၍ မလိုအပ်လျှင် အခန်းထဲသို့မဝင်သော အထူးကုဆရာဝန်ကြီးများကိုလည်း ကျွန်မဘဝတွင် နောက်ထပ်မကြားဖူးတော့ပါ။

ဒီဇာတ်လမ်းတစ်ခုလုံးတွင် ကျွန်မသည် အဓိက ဇာတ်ကောင်နေရာက ပါဝင်ကပြခဲ့ရသော်လည်း မည်သူ့ကိုမျှ သင်ခန်းစာမပေးနိုင်ခဲ့၊ ကျွန်မကိုယ်တိုင်သာ သင်ခန်းစာရခဲ့ရသူဖြစ်သည် ။ ဘဝတွင် ရိုးသားကြိုးစားစွာနေထိုင်သူကို အရေးကြုံလာလျှင် လောကကြီးက ပစ်မထားတတ်ပါလားဟူသော သင်ခန်းစာကို ရခဲ့သလို အသပြာ ဆရာဝန်များကြားထဲတွင် စေတနာဆရာဝန်တချို့ရှိပါသေးသည် ဟု ယုံကြည်မှုရခဲ့ပြန်သ

ည် ။ ကျန်းမာစွာနေထိုင်နိုင်ခြင်းသည် အလိုလို လာဘ်လာဘရပြီး ဖြစ်သည် ဟု လည်း မှတ်သားခဲ့ရပြန်သည် ။ အသက် နှစ်ဆယ်စွန်းစ အရွယ်ရောက်သည် ထိ ကလေးတစ် ယောက်လိုနေခဲ့ပြီး ဘာတာဝန်မှ ကြီးကြီးမားမား မယူခဲ့ဖူးသည့် ကျွန်မ၊ ကိုယ် တကယ်မလုပ်လျှင် မဖြစ်မှန်းသိသောအခါ လူကြီးတစ်ယောက်လို ဦးဆောင်ဦးရွက် လုပ်နိုင်ခဲ့သည် ။ မိသားစုကြုံတွေ့ရသော ကြမ္မာဆိုးကြောင့် သာမန်ဘဝတွင် မမြင်ရသော တန်ဖိုးများကို မြင်ခွင့်နားလည်ခွင့် ရခဲ့ပါသည် ။ မည်သို့ပင်ဖြစ်စေ မေတ္တာခြုံထားသည့် လောကကြီးရှိနေသေးသည် ကိုတော့ ကျွန်မ လက်ခံလိုက်မိသည် ။

**အမှတ် (၃၃၃)၊ မဟေသီမဂ္ဂဇင်း၊ ၂၀၁၂၊ စက်တင်ဘာ**

***